# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 24 , 2022 Volume 57, Number 18


၂၄.၈.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၄၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၈၈.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၀၆.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၈၂.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၃.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၉၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၃၂၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၄၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၈.၁၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၂၈၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စာပေနှင့် အနုပညာလက်ရာများ ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ (မူကြမ်း) ပြုစုရေးဆွဲခဲ့ပြီးဖြစ်



Source: မြန်မာ့အလင်း

စာပေနှင့် အနုပညာလက်ရာများ ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ(မူကြမ်း)နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ (ဩဂုတ် ၂၃)မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ (၁) ၌ Virtual စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွှန့်အောင်က နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာ၌ မူပိုင်ခွင့်ကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း ၂၀၁၉ ခုနှစ်တွင် ပြဌာန်းခဲ့သော မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများဖြစ်သည့် စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေ၊ စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေတို့ကို အတည်ပြုနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ စာပေနှင့်အနုပညာမူပိုင်ခွင့်များကို အကာအကွယ်ပေးရန် ရည်ရွယ်ချက်များဖြင့် ပြဌာန်းခဲ့ခြင်းဖြစ်ပါကြောင်း၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေအရ စာပေနှင့် အနုပညာလက်ရာများ ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းအား လက်ခံဆောင်ရွက်နိုင်ရန်နှင့်စပ်လျဉ်း၍ လိုအပ်သည့်နည်းဥပဒေ (မူကြမ်း) ကို ပြုစုရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း။

စာပေနှင့်အနုပညာလက်ရာများဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေကို ရေးဆွဲအတည်ပြုပြီး စာပေနှင့် အနုပညာမူပိုင်ခွင့်စနစ်ကို အကောင်အထည်ဖော်ဆောင်ခြင်းသည် စာပေနှင့် အနုပညာဆိုင်ရာ ဖန်တီးထုတ်လုပ်မှုများ တိုးတက်လာခြင်း၊ စာပေနှင့်အနုပညာ မူပိုင်ခွင့်ပိုင်ရှင်များ ဆက်နွယ်သည့်အခွင့်အရေးပိုင်ရှင်များ၏ အခွင့်အရေးများကို ပိုမိုထိရောက်စွာ အကာအကွယ်ပေးနိုင်ခြင်း၊ မူပိုင်ခွင့်ချိုးဖောက်မှုများကို အကာအကွယ်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများစွာကို ရရှိလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မိုးမိုးသွယ်နှင့် ဘာသာရပ်ဆိုင်ရာတာဝန်ခံတို့က စာပေနှင့်အနုပညာလက်ရာများ ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ (မူကြမ်း) နှင့်စပ်လျဉ်း၍ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များ တောင်းခံရရှိခဲ့မှု၊ ပြင်ဆင်ထားရှိမှုကို ရှင်းလင်းတင်ပြရာ ဖိတ်ကြားထားသည့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြကြောင်း သိရသည်။

Source: မြန်မာ့အလင်း

## MSME လုပ်ငန်းရှင်များအနေဖြင့် အစားအစာ တီထွင်ဆန်းသစ်မှုဌာနတွင် စားသောက်ကုန်ပစ္စည်းများ လာရောက်စမ်းသပ်ထုတ်လုပ်နိုင်

ပြည်တွင်းရှိ MSME လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့ထုတ်လုပ်ရောင်းချလိုသော စားသောက်ကုန်ပစ္စည်းများကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော အစားအစာတီထွင်ဆန်းသစ်မှုဌာနတွင် လာရောက်စမ်းသပ်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေစီမံကိန်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် အစားအစာတီထွင်ဆန်းသစ်မှုဌာနကို ဩဂုတ် ၁၅ ရက်က ရန်ကုန်မြို့တွင်စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ MSME လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့ စမ်းသပ်ထုတ်လုပ်လိုသော စားသောက်ကုန်ပစ္စည်းများကို အဆိုပါဌာနတွင် လာရောက်စမ်းသပ်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

"MSME လုပ်ငန်းရှင်တွေအနေနဲ့ ထုတ်လုပ်ရောင်းချဖို့ ရည်ရွယ်ထားတဲ့ စားသောက်ကုန်ပစ္စည်းတွေကို အစားအစာ တီထွင်ဆန်းသစ်မှုဌာနမှာ အချိန်ကုန်၊ ငွေကုန်သက်သာစွာနဲ့ လာရောက်စမ်းသပ် ထုတ်လုပ်နိုင်ပြီဖြစ်ပါတယ်။ အဲဒီလို စမ်းသပ်ထုတ်လုပ်ပြီးတဲ့နောက် တိကျသေချာတဲ့ လုပ်နည်းစနစ်တွေသိရှိလာပြီး စီးပွားဖြစ်ထုတ်လုပ်တဲ့အခါမှာ ပိုမိုလွယ်ကူအဆင်ပြေနိုင်ပါတယ်။ လက်ရှိစားသောက်ကုန်ထုတ်လုပ်ငန်းကို တိုးချဲ့ဆောင်ရွက်လိုတဲ့ လုပ်ငန်းရှင်တွေအတွက်လဲ ဒီအစားအစာ တီထွင်ဆန်းသစ်မှုဌာနက များစွာအထောက်အကူဖြစ်စေနိုင်ပါတယ်" ဟု သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန အစားအစာတီထွင်ဆန်းသစ်မှုဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကေသွယ်ခိုင်က ပြောပြသည်။

အစားအစာ တီထွင်ဆန်းသစ်မှုဌာနကို ပြည်တွင်းရှိအငယ်စား၊ အသေးစားနှင့်အလတ်စား စားသောက် ကုန်ထုတ်လုပ်ငန်းများကို နည်းပညာသစ်များ ဖြန့်ဝေပေးနိုင်စေရန်၊ စိုက်ပျိုးရေးနှင့်ဆက်စပ်နေသော စားသောက်ကုန်ထုတ် လုပ်ငန်းများမှ တန်ဖိုးမြင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Source: ရတနာပုံသတင်းစာ

## ပြည်ပရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာ ကြက်ရုပ်တုများ တင်ပို့သွားမည်


Source: ရတနာပုံသတင်းစာ

ပြည်ပရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာ ကြက်ရုပ်တုများကို တင်ပို့သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင်အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းစင်တာ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍သိရသည်။

ပြည်ပတွင် မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များက မြန်မာအမှတ်တရပစ္စည်းများကို မှာယူလေ့ရှိရာ ဩဂုတ်လ စတုတ္ထအပတ်တွင် ကြက်ရုပ်တုများကို အဓိက မှာယူလျက်ရှိသည့်အတွက် လာမည့် စက်တင်ဘာလဆန်းပိုင်း၌ စတင်တင်ပို့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အလုပ်ရုံအနေနဲ့ အဓိကလုပ်ရတာကတော့ ဘင်္ဂလားဒေ့ရှ်ဈေးကွက်ပဲ အထူးသဖြင့် ဒါကာနဲ့ စစ်တကောင်းပါ။ အဲဒါကတော့ ကိုဗစ်မတိုင်ခင်ကတည်းက လစဉ်ကို လုပ်ပေးရတာရှိတယ်။ အခုလဲ လစဉ် ပြန်ပြီးတော့ မှာတာတွေ ရှိနေပါတယ်။ အခု ဩဂုတ်လစတုတ္ထပတ်မှာတော့ အမြင့်ရှစ်လက်မအရွယ်အစား ကြက်ရုပ်တုကလေးတွေကို အော်ဒါရပါတယ်။ ဒီဗိုင်းကတော့ သုံးမျိုးပါ။ နှစ်ကောင်တစ်စုံကို ကျွန်တော်တို့ ပြည်တွင်းမှာ မြန်မာငွေ ကျပ် ၇၅၀၀၀ နဲ့ ဖြန့်တယ်။ အဲ့ဒီလိုအစုံပေါင်း ၁၀၀ အော်ဒါရထားပါတယ်။ စက်တင်ဘာလထဲမှာပို့မှာပါ" ဟု ဦးမောင်မောင်အေးက ပြောပြသည်။

မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းများကို ပြည်တွင်းရှိ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များ သာမက ပြည်ပရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## ဆွစ်ဇာလန်နိုင်ငံသို့ ကော်ဖီတန်ချိန် ၄၀ ဒသမ ၂ တန်တင်ပို့

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့ရှိ သမဝါယမအသင်းသားများ စုပေါင်းဖွဲ့စည်းထားသော Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသည် သမဝါယမအသင်းသားများ စိုက်ပျိုးထားသော ကော်ဖီစေ့များကို တောင်ကြီးမြို့ (TBC) စီးပွားရေးဇုန်ရှိ Green Gold သမဝါယမအသင်းဂိုဒေါင်တွင် ကိုယ်တိုင်ကြိတ်ခွဲထုတ်လုပ်ခြင်း၊ အရည်အသွေးဆန်းစစ်ခြင်းများပြုလုပ်၍ အရည်အသွေးပြည့်မီသော ကော်ဖီစေ့များကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ဩဂုတ် ၂၀ ရက်တွင် ဆွစ်ဇာလန်နိုင်ငံသို့ အဌမအကြိမ်အဖြစ် Green Bean တစ်အိတ်လျှင် 60 Kg ဖြင့် အိတ်ပေါင်း ၇၁၀၊ ကော်ဖီတန်ချိန် ၄၀ ဒသမ ၂ တန်၊ ကွန်တိန်နာနှစ်လုံးကို တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

**Source: မြန်မာ့အလင်း**

## ပဲဆီဈေးအနည်းငယ် ပြန်ကျ၊ ကြက်သွန်နီဈေး ဆက်တက်



https://greenwaymyanmar.com

တောက်လျှောက်အတက်ဈေးမှာ ငြိမ်နေခဲ့တဲ့ ပြည်တွင်းမြေပဲဆီဈေးကတော့ ဒီနေ့ (၂၃.၈.၂၀၂၂)မှာ အနည်းငယ်ပြန်ကျသွားတာဖြစ်ပါတယ်။မန္တလေးဈေးကွက်မှာ တစ်ပိဿာ ၁၃၀၀၀ ကနေ ၁၃၅၀၀ ကြား ပေါက်ဈေးရှိနေတာကနေ ဒီနေ့မှာတော့ ၁၂၅၀၀ ကနေ ၁၃၅၀၀ ကြား ဈေးပြန်ဖြစ်သွားတာပါ။

ပြည်ဈေးကွက်မှာလည်း တစ်ပိဿာ ၁၃၀၀၀ နဲ့ ဈေးတောက်လျှောက်ဖြစ်နေရာကနေ ဒီနေ့မှာတော့ ၁၂၀၀၀ ဖြစ်သွားတယ်လို့ သိရပါတယ်။ မြေပဲအသစ်တွေ ဈေးကွက်ထဲဝင်နေပြီး ဈေးတွေပြန်ကျဆင်းသွားတာကြောင့် ပဲဆီဈေးတွေလည်း ပြန်ကျသွားတာဖြစ်တယ်လို့ AMIA ရဲ့ သတင်းဖော်ပြချက်အရ သိရပါတယ်။

ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက်မှာ ပြီးခဲ့တဲ့အပတ်က တစ်ပိဿာ ၂၅၀၀ ဈေးအမြင့်ဆုံးသာရှိနေခဲ့ပေမယ့် မနေ့(၂၂.၈.၂၀၂၂)ကတော့ ၂၈၀၀ ထိ ဈေးဖြစ်သွားတဲ့ ကြက်သွန်နီဈေးကတော့ ဒီနေ့မှာ ထပ်တက်လာပြီး ၂၉၀၀ ကျပ် ဖြစ်သွားပါပြီ။ အနိမ့်ဆုံးအမျိုးအစားကတော့ တစ်ပိဿာ ၂၃၀၀ ကျပ်ပါ။

***ယနေ့ မြေပဲဆီဈေးနှုန်းများ**

တစ်ပိဿာ – ၁၂၅၀၀ – ၁၃၅၀၀ ကျပ် (မန္တလေးဈေးကွက်)

တစ်ပိဿာ – ၁၂၀၀၀ ကျပ် (ပြည်ဈေးကွက်)

***ယနေ့ ကြက်သွန်နီဈေးနှုန်းများ (၁ ပိဿာ) (ဘုရင့်နောင်ဈေးကွက်)**

ကြက်သွန်နီ (ဆိပ်ဖြူရှယ် – သစ်) – ၂၉၀၀ ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်ကြီး) – ၂၈၅၀ ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်သန့်) – ၂၇၅၀ ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်ချော) – ၂၃၀၀ ကျပ်

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများကို ဖော်ပြခြင်းဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Peanut_Oil_Onion_Prices

## ရေစန်ပုစွန်မွေးမြူရေး လုပ်ငန်းများ တိုးချဲ့လုပ်ဆောင်နိုင်ပါက ပြည်ပဝင်ငွေများ ပိုမိုရရှိလာမည်

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်ကျွန်းစုဒေသတွင် ရေစန်ပုစွန်မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာသည့်အတွက် ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်လာနိုင်ပါက သဘာဝအတိုင်းဖမ်းဆီးရေးကို တစ်စိတ်တစ်ပိုင်းလျှော့ချနိုင်သည့်အပြင် ပြည်ပဝင်ငွေများ ပိုမိုရရှိလာမည်ဖြစ်ကြောင်းသိရသည်။

မြိတ်ကျွန်းစုဒေသတွင် ရေစန်ပုစွန်မွေးမြူခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်က စတင်လုပ်ကိုင်ခဲ့ရာ ယခုအခါ ပုစွန်မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုများ ရရှိနေပြီဖြစ်သောကြောင့် ထွက်ရှိလာသည့် ရေစန်ပုစွန်များကို ပြည်ပပို့ကုန်တစ်ခုအနေဖြင့် တင်ပို့ရောင်းချလျက်ရှိသည်။

လက်ရှိတွင် ရေစန်ပုစွန် မွေးမြူခြင်းကို ကျွန်းစုမြို့နယ်အတွင်းရှိ ကတ္တလူးကျွန်း၊ မစမ်းပါးကျွန်း၊ ကျားကြီးအော်ကျွန်း၊ ကော့သောင်းမြို့ရှိ သူငွေးကျွန်းနှင့်မြိတ်မြို့နယ်တို့တွင် လုပ်ကိုင်လျက်ရှိသည်။ မြိတ်ကျွန်းစုဒေသအတွင်း ရေစန်ပုစွန်မွေးမြူခြင်းလုပ်ငန်းမှ ထွက်ရှိလာသည့် ရေစန်ပုစွန်များကို ပြည်ပပို့ကုန်တစ်ခုအနေဖြင့် ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/29598

## တရုတ်နိုင်ငံမှ နို့ထွက်ပစ္စည်းထုတ်လုပ်သူ Maiquer အစားအသောက် တာရှည်ခံဖြည့်စွက်ပစ္စည်းများ အလွန်အကျွံသုံးစွဲမှုအတွက် ယွမ် ၇၃.၁၅ သန်း ဒဏ်ရိုက်ခံရ



https://myantrade.gov.mm

တရုတ်နိုင်ငံမှ နို့ထုတ်လုပ်သူ Maiquer သည် အစားအသောက်တာရှည်ခံဖြည့်စွက်ပစ္စည်းများ အလွန်အကျွံသုံးစွဲမှုအတွက် ဒေသတွင်းဈေးကွက် ကြီးကြပ်ရေးစောင့်ကြည့်ရေးအဖွဲ့မှ ယွမ် ၇၃.၁၅ သန်း (ဒေါ်လာ ၁၀.၇၃ သန်း) ဒဏ်ရိုက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း Xinjiang Uygur ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ Hui ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု Changji ဒေသတွင် ကုမ္ပဏီတည်ရှိကြောင်း၊ ယင်းဒေသ၏ ဈေးကွက်ကြီးကြပ်ရေးဗျူရိုက နို့ထွက်ပစ္စည်းထုတ်လုပ်သော ကုမ္ပဏီ၏ အချို့သောနို့များတွင် ပရိုပိုင်လင်းဂလိုင်ကောလ် propylene glycol ပါဝင်သောကြောင့် အရည်အသွေးမပြည့်မီသော ထုတ်ကုန်ဖြစ်စေကြောင်း ဖော်ပြထားပါသည်။

အစိုးရက အရည်အချင်းမပြည့်မီသော နို့များနှင့်အတူ Maiquer ၏ တရားမဝင်ငွေ စုစုပေါင်း ၃၆၀,၁၅၄ ယွမ်အား သိမ်းဆည်းရန် ဆုံးဖြတ်ခဲ့ပြီး ကုမ္ပဏီအား ဒဏ်ငွေယွမ် ၇၃.၁၅ သန်းချမှတ်ခဲ့ကြောင်း၊ Maiquer နို့နှစ်သုတ်တွင် propylene glycol ပမာဏအလွန်အကျွံပါဝင်ကြောင်း Zhejiang မှ တာဝန်ရှိသူများက ဇူလိုင်လတွင် အတည်ပြုပြီးနောက် ထိုဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပဏာမစုံစမ်းစစ်ဆေးမှုနှင့် ခွဲခြမ်းစိတ်ဖြာမှု တစ်ခုအရ Maiquer ၏ သန့်စင်သောနို့တွင် propylene glycol ကိုရှာဖွေတွေ့ရှိမှုသည် ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် အစားအသောက် တာရှည်ခံဖြည့်စွက်ပစ္စည်းများနှင့် အနံ့အရသာများ လွန်ကဲစွာအသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာကြောင်း ပြသခဲ့ကြောင်း၊ ၃-၇-၂၀၂၂ ရက်နေ့တွင် ရှင်ကျန်း ဈေးကွက်ကြီးကြပ်ရေးဌာနမှ အစားအသောက်ဓာတုပစ္စည်းများ တရားမဝင်အသုံးပြုမှုအတွက် Maiquer ၏ ထုတ်လုပ်မှုဖြစ်စဉ်များ ပို့ဆောင်ရေးနှင့် အရောင်းအဆင့်များကို စုံစမ်းစစ်ဆေးနေကြောင်း ပြောကြားခဲ့ရာ ကုမ္ပဏီသည် ဇူလိုင်လ ၃ ရက်တွင် နို့သန့်ထုတ်လုပ်မှုကို ရပ်ဆိုင်းလိုက်ကြောင်း၊ ထို့နောက် ပြုပြင်မှုများပြီးမြောက်ခဲ့ပြီး ကုမ္ပဏီမှ နို့ထုတ်လုပ်မှုကို ဖြည်းဖြည်းချင်း ပြန်လည်လုပ်ဆောင်နေပြီး သက်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ကိုက်ညီပါက ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း၊ နို့ထွက်ပစ္စည်းများသည် Maiquer ၏ ဝင်ငွေ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိကြောင်း စာရင်းဇယားများအရ သိရှိရပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ကူမင်းမြို့)**

**Source: www.globaltimes.cn/page/202208/1273621.shtml**

https://myantrade.gov.mm/article/%E1%80%90%E1%80%9B%E1%80%AF%E1%80%90%E1%80%BA%E1

## တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏသည် ၂၀၂၂ ခုနှစ် ပထမ (၇) လအတွင်း ယွမ် ၂၃.၆ ထရီလီယံ ($ ၃.၄၉ ထရီလီယံ) အထိ ရောက်ရှိခဲ့ပြီး တိုးတက်မှုဂဏန်းနှစ်လုံး ထိန်းသိမ်းထား



https://myantrade.gov.mm

ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှုကို ထိရောက်စွာထိန်းချုပ်ခြင်းနှင့် ပေကျင်း၏ စီးပွားရေး လှုံ့ဆော်မှုမူဝါဒများကြောင့် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏသည် ၂၀၂၂ ခုနှစ် ပထမ (၇) လအတွင်း ယွမ် ၂၃.၆ ထရီလီယံ (ဒေါ်လာ ၃.၄၉ ထရီလီယံ) အထိရောက်ရှိခဲ့ပြီး ဂဏန်းနှစ်လုံးတိုးတက်မှုကို ထိန်းသိမ်းထားနိုင်ကြောင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ယခုနှစ် ပထမ (၇) လတွင် တစ်နှစ်ထက်တစ်နှစ် ၁၀.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယခုနှစ် ပထမနှစ်ဝက်ထက် ၁ ရာခိုင်နှုန်း ပိုမိုတိုးတက်မှုနှုန်းမြန်ဆန်ခဲ့ကြောင်း၊ ဒဏ်ခံနိုင်ရည်မှုနှင့်တရုတ်နိုင်ငံ၏ ရောမပို့ကုန် ထုတ်လုပ်မှုများကြောင့်ဖြစ်ကြောင်း အလေးထားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ယခုနှစ် ပထမနှစ်ဝက်တွင် ကိုဗစ်-၁၉ ရောဂါ၏ သက်ရောက်မှုကို ကျော်လွှား နိုင်ခဲ့ပြီး တစ်နှစ်ပတ်လုံး အရှိန်အဟုန်ဖြင့် တိုးတက်မှုနှုန်းကို တဖြည်းဖြည်းမြှင့်တင်နိုင်မည်ဖြစ်ကြောင်း နိုင်ငံတကာ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တရုတ်အကယ်ဒမီမှ နိုင်ငံတကာဈေးကွက်ရှာဖွေရေးအင်စတီကျု၏ လက်ထောက်ညွှန်ကြားရေးမှူး မင် ကပြောကြားခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလနှင့် ဇူလိုင်လများတွင် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏသည် ယွမ် ၂၃ ဒသမ ၆ ထရီလျံ (ဒေါ်လာ ၃ ဒသမ ၄၉ ထရီလီယံ) ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၀ ဒသမ ၄ ရာခိုင်နှုန်းတိုးလာကြောင်း အကောက်ခွန် အထွေထွေအုပ်ချုပ်ရေးအဖွဲ့ (GAC) မှ အချက်အလက်များအရ တိုးတက်မှုနှုန်းရာခိုင်နှုန်းသည် ယခုနှစ် ပထမနှစ်ဝက်တွင် ၉ ဒသမ ၄ အထက်တွင်ရှိကြောင်း ၇-၈-၂၀၂၂ ရက်၊ တနင်္ဂနွေနေ့တွင် ထုတ်ပြန်သော ဒေတာများကပြသခဲ့သည်။ ယခုနှစ် ပထမခုနစ်လတာကာလအတွင်း နိုင်ငံ၏ပို့ကုန်သည် ယွမ် ၁၃ ဒသမ ၃၇ ထရီလျံသို့ ရောက်ရှိကာ တစ်နှစ်ထက်တစ်နှစ် ၁၄ ဒသမ ၇ ရာခိုင်နှုန်းတိုးလာပြီး သွင်းကုန်မှာ ၅ ဒသမ ၃ ရာခိုင်နှုန်းတိုးလာကာ ယွမ် ၁၀ ဒသမ ၂၃ ထရီလျံသို့ ရောက်ရှိခဲ့ကြောင်း အကောက်ခွန်ဆိုင်ရာ အချက်အလက်များက ဖော်ပြထားပါသည်။

အခွန်လျှော့ချခြင်းအပါအဝင် အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် တရုတ်၏ အထူးသက်သာခွင့်များ ပေးဆောင်မှုကြောင့် ယခုနှစ် ပထမခြောက်လတွင် ၁ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်ကြောင်း ယွမ်ငွေတန်ဖိုးမှာ ပထမနှစ်ဝက်မှ တန်ဖိုးကျဆင်းသွားခြင်းဖြစ်ကြောင်း၊ ထောက်ပံ့ပို့ဆောင်ရေးစရိတ်များ သိသိသာသာကျဆင်းခြင်းသည် ပို့ကုန်တိုးတက်မှု အတွက် အခွင့်သာသောအခြေအနေများကိုပေးခဲ့ကြောင်း မင် က ပြောကြားခဲ့ပါသည်။ အာဆီယံသည် ပထမ (၇) လတာ ကာလအတွင်း တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်အဖြစ် ဆက်လက်တည်ရှိနေပြီး နိုင်ငံတွင်း နိုင်ငံခြားကုန်သွယ်မှု စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းရှိကြောင်း GAC အရ သိရှိရပါသည်။

အာဆီယံ၊ အီးယူ၊ အမေရိကန်နှင့် တရုတ်တို့၏ ကုန်သွယ်မှုသည် လွန်ခဲ့သည့်နှစ်ကထက် ၁၃.၂ ရာခိုင်နှုန်း၊ ၈.၉ ရာခိုင်နှုန်းနှင့် ၁၁.၈ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ကြောင်း၊ Belt and Road နိုင်ငံများနှင့် တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးသည် တစ်နှစ်ထက်တစ်နှစ် ၁၉.၈ ရာခိုင်နှုန်း ခုန်တက်ခဲ့ပြီး ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) ၁၄ နိုင်ငံများနှင့် ကုန်သွယ်မှုမှာ ဇန်နဝါရီမှ ဇူလိုင်လအထိ ၇.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ တရုတ်ပို့ကုန်များအပေါ် အမေရိကန်နိုင်ငံ၏ အခွန်အချို့ဖယ်ရှားနိုင်ပြီး RCEP ကုန်သွယ်ရေးသဘောတူညီချက်မှ ရရှိလာသော အကျိုးအမြတ်များသည် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုကို တစ်နှစ်တာလုံး အရှိန်အဟုန်ဖြင့် ဆက်လက်တိုးစေနိုင်မည်ဖြစ်ကြောင်း၊ သို့သော်လည်း ဥရောပနှင့် အမေရိကန်တွင် စီးပွားရေးကျဆင်းမှုကဲ့သို့သော စိန်ခေါ်မှုများအပြင် ဗီယက်နမ်ကဲ့သို့ အရှေ့တောင်အာရှနိုင်ငံများမှ ပြိုင်ဆိုင်မှုများ မြင့်တက်လာခြင်းသည် ယခုနှစ် ဒုတိယနှစ်ဝက်တွင် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုအပေါ် ဖိအားအချို့ကို တိုးလာစေနိုင်ကြောင်း မင်က ပြောကြားခဲ့သည်။

၂၈-၇-၂၀၂၂ ရက်နေ့က ကျင်းပခဲ့သည့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအစည်းအဝေးတွင် သွင်းကုန်နှင့်ပို့ကုန်မြှင့်တင်ရေး ကြိုးပမ်းအားထုတ်မှုများအပြင် နိုင်ငံခြားအရင်းအနှီးနှင့် နည်းပညာများမိတ်ဆက်ခြင်း

ကိုလည်း အလေးထားဆောင်ရွက်သွားရန် တိုက်တွန်းခဲ့ကြောင်းဖော်ပြထားပြီး မသေချာမရေရာမှုများကြားတွင် တရုတ်နိုင်ငံသည် ၎င်း၏ ခံနိုင်ရည်အားခိုင်မာစေရန် ယခုနှစ် ဒုတိယနှစ်ဝက်တွင် နိုင်ငံခြား ကုန်သွယ်မှုအရည်အသွေးကို တည်ငြိမ်ရန်နှင့် မြှင့်တင်ရန်အစီအမံများကို ဆက်တိုက်ဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံတကာဈေးကွက်ရှာဖွေရေးနှင့် ချဲ့ထွင်ရာတွင် နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းများကို လမ်းညွှန်ရန် တာဝန်ရှိသူများက လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် နိုင်ငံတကာသွင်းကုန် ကုန်စည်ပြပွဲနှင့် တရုတ်သွင်းကုန် ကုန်စည်ပြပွဲများကဲ့သို့သော နိုင်ငံတကာပြပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အွန်လိုင်းပြပွဲများကျင်းပရန် ဒေသခံများနှင့် စက်မှုအသင်းအဖွဲ့များအား တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Shu Jueting က ပုံမှန်ကျင်းပပြုလုပ်သော အစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ကူမင်းမြို့)**

**Source: www.globaltimes.cn/page/202208/1272354.shtml**

https://myantrade.gov.mm/article/%E1%80%90%E1%80%9B%E1%80%AF%E1%80%90%E1

## STOCK EXCHANGE (24.8.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 24th Aug. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,900 | -100 | -1.43% | 6,900 | 6,900 | 6,900 | 500 | 3,450,000 | 33,109,694 | 228,457 |
| MTSH | 00002 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 2,382 | 5,835,900 | 38,929,150 | 95,376 |
| MCB | 00003 | 6,800 | +0 | +0.00% | 6,800 | 6,800 | 6,800 | 0 | 0 | 10,400,986 | 70,727 |
| FPB | 00004 | 18,000 | +500 | +2.86% | 18,000 | 18,000 | 18,000 | 214 | 3,852,000 | 2,472,053 | 44,497 |
| TMH | 00005 | 2,300 | -100 | -4.17% | 2,300 | 2,300 | 2,300 | 270 | 621,000 | 12,823,224 | 29,493 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 11 | 26,950 | 19,977,223 | 48,944 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |


### Market summary

As of 24th Aug. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 327.04 | -1.93 | -0.59% | 327.78 | 327.78 | 327.04 | 3,377 | 13,785,850 | 7 | 568,932 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 24th Aug. 2022

| MYANPIX | 327.04 ▼ 1.93 |
|---|---|
| Total Volume (shares) | 3,377 |
| Total Value (MMK) | 14 mil |
| Listed Company | 7 |
| Market Cap. (MMK) | 568,932 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,900 | ▼ 100 |
| MTSH | 00002 | 2,450 | ▲ 0 |
| MCB | 00003 | 6,800 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 500 |
| TMH | 00005 | 2,300 | ▼ 100 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR